# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၆ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိန်လှထွေးအား ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

**စက်ပစ္စည်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည်

(က) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့် လေယာဉ်အပါအဝင် စက်ပစ္စည်းများ၏စာရင်းကို စုစည်း၍ စက်ပစ္စည်းအင်အားကို

အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မူဝါဒနှင့် လမ်းညွှန်မှုများချမှတ်နိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းလိုက်သည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒုတိယစစ်ထောက်ချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
ကာကွယ်ရေးဝန်ကြီးဌာန

(၄) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ပို့ဆောင်ရေးဝန်ကြီးဌာန

(၅) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၂) အင်ဂျင်နီယာချုပ် (စက်မှု) — အဖွဲ့ဝင်
ဆည်မြောင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၁၃) အင်ဂျင်နီယာချုပ် (စက်မှု) — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ခ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စာရင်းအင်းများ စနစ်တကျရေးဆွဲခြင်း။

(ခ) ယာဉ်နှင့်ယန္တရားအပါအဝင် စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း။

(ဂ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ အသုံးမလို ပိုလျှံသော စက်ပစ္စည်းများ (သို့မဟုတ်) လက်ငင်းသုံးစွဲခြင်းမပြုသောစက်ပစ္စည်းများကို အသုံးလိုသည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ဃ) ပုဂ္ဂလိကအသင်း၊ အဖွဲ့အစည်းများသို့ စက်ပစ္စည်းများထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထား သတ်မှတ်ပေးခြင်း။

(င) အလုံအလောက်မရှိသော စက်ပစ္စည်းများ ခွဲဝေသုံးစွဲရာတွင် လုပ်ငန်းပမာဏအလိုက် အရေးကြီးခြင်း၊ အလျင်လိုခြင်းကို ထည့်သွင်းစဉ်းစား၍ ဦးစားပေးအစီအစဉ်ချမှတ်ဆုံးဖြတ်ခြင်း။

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၌ ထိန်းသိမ်းထားသော စက်ပစ္စည်းများ ပြင်ဆင်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း။

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ရုံးသုံးပရိဘောဂအပါအဝင် စက်ပစ္စည်းများဝယ်ယူခြင်း၊ ရယူခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ထောက်ခံချက်၊ လမ်းညွှန်မှုနှင့် အကြံဉာဏ်များပေးခြင်း။

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း။

(ဈ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးက စက်ပစ္စည်းများကို ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့် ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း။

(ည) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၏ ကုန်သွယ်မှုလုပ်ငန်းအတွက် ဝယ်ယူမည့်စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း။

(ဋ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း။

(ဌ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လုပ်ငန်းအလျောက် လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၃။ (က) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

(ခ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အစိုးရအဖွဲ့၏ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်စွဲပါ အမိန့်အမှတ် (၁/၈၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

### ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့သော "ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့" တွင် အဖွဲ့ဝင် ပြည်နယ်ဦးစီးမှူး၊ ကျန်းမာရေးဦးစီးဌာန **အစား** ပြည်နယ်ဦးစီးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ဦးစီးမှူး၊ ကုသရေးဦးစီးဌာနတို့အား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

### ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၃ ။ ) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၃ ။ )

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရှေးဟောင်းဝတ္ထုပစ္စည်း**ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအပါအဝင် လူသားတို့ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကိုဆိုသည်။

(ခ) **မြန်မာ့မူရင်းမဟုတ်သောရှေးဟောင်းဝတ္ထုပစ္စည်း**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့အကြောင်းတစ်ရပ်ရပ်ကြောင့် ရောက်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို ဆိုသည်။

(ဂ) **ပြတိုက်**ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ တစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံကိုဆိုသည်။

(ဃ) **ကာကွယ်ထိန်းသိမ်းခြင်း**ဆိုသည်မှာ အဓွန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဖုံးအုပ်ကာကွယ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းနှင့်ဓာတုဗေဒနည်းအပါအဝင် အခြားနည်းလမ်းများဖြင့်ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကိုဆိုသည်။

(ဆ) **ဦးစီးဌာနကလွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာန**ဆိုသည်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကိုဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အဓွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကိုကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း (၃)
## ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ်သတ်မှတ်ခြင်း

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည် -

(က) လူနှင့်တိရစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့်အရိုးစုများအပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ရုပ်ကြွင်းများ၊

(ခ) ဘုရားဆင်းတု၊ အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊

(ဂ) အများပြည်သူယုံကြည်ကိုးကွယ်ရာ သာသနိက အဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ အပါအဝင်အနုပညာလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ တိရစ္ဆာန်၏ အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော်လည်းကောင်း၊ သစ်သား သို့မဟုတ် ဝါးဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(င) ရွှေ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသော ဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့်ပြုလုပ်ထားသော ဒင်္ဂါးနှင့်ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့်ငွေခွက်များ အပါအဝင်ငွေကြေးအဖြစ် ထုထွင်းသွန်းလောင်းထားသော ဝတ္ထုပစ္စည်းများ၊

(စ) ရွှေ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သားဖြင့်သော်လည်းကောင်း၊ တိရစ္ဆာန်၏အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများအပါအဝင် ထုဆစ်ထားသော ဝတ္ထုပစ္စည်းများ၊

(ဆ) မြန်မာ့မင်းခမ်းတော်ပစ္စည်းနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ၊

(ဇ) ဝေါယာဉ်၊ ထမ်းစင်၊ ရထားနှင့် လှည်းများအပါအဝင် ခရီးသွားယာဉ်များ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဥ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေပေါ်တွင်ရေးထားသောစာ၊ ပုံနှိပ်စာ၊ ပေ၊ ပုရပိုက်၊ အက္ခရာ၊ တံဆိပ်တုံးနှင့် တံဆိပ်များအပါအဝင် စာပေဆိုင်ရာပစ္စည်းများ၊

(ည) မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် အကျုံးဝင်သော လက်မှုအနုပညာပစ္စည်းများ၊

(ဋ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာအဖြစ် ပုံဖော်ထားသော ရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်းလက်ရာများ၊ သတ္တုပုံဖော်လက်ရာပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည်များအပါအဝင် အနုပညာလက်ရာပစ္စည်းများ၊

(ဌ) ခေါင်းပေါင်း၊ ဦးသျှောင်၊ ခေါင်းပတ်နှင့် အင်္ကျီအဝတ်အစားများ အပါအဝင် အဝတ်အထည်များ၊

(ဍ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ၊

(ပ) အလေး၊ တင်းတောင်းနှင့်ချိန်ခွင်များအပါအဝင် အချိန်အတွယ်အတိုင်းအတာအဖြစ် အသုံးပြုသောကိရိယာများ၊

(ဖ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့်ကြွေခွက်များ၊ ရွှေ၊ ငွေ၊ ကြေး သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ၊

(ထ) ပုံ၊ မောင်း၊ ပလွေ၊ နှဲ၊ လင်းကွင်း၊ ကြေးနောင်နှင့် ဆိုင်းဝိုင်းများ အပါအဝင် တူရိယာပစ္စည်းများ၊

(ဒ) ဆင်၊ မြင်း၊ ကျွဲနှင့် နွားများအပါအဝင် တိရစ္ဆာန်များတွင် ဆင်ယင်သော အဆင်တန်ဆာပစ္စည်းများ၊

(ဓ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုးများ အပါအဝင် မြန်မာ့ရိုးရာ ကလေးကစားစရာပစ္စည်းများ၊

(န) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် မှတ်တမ်းထားရှိသည့် အခြားအရာဝတ္ထုပစ္စည်းများ။

## **အခန်း (၄)**
## **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့်လက်ခံခြင်း**

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ တူးဖော်ခြင်း၊ ရှာဖွေစုဆောင်းခြင်းနှင့် သုတေသနပြုခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ တရားမဝင်သောနည်းများဖြင့် ပြည်ပသို့မရောက်ရှိစေရေးနှင့်ပြည်ပသို့ တရားမဝင်ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့ကိုဆောင်ရွက်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ကာကွယ်ထိန်းသိမ်းလိုသော စိတ်ဓာတ်များဖြစ်ပေါ်ရန် ပညာပေးခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ အခွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းထားရှိခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင် အဖြစ်သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း၊

(င) ဒေသဆိုင်ရာပြတိုက်များတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြသနိုင်ရန် ညွှန်ကြားခြင်း၊

(စ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှ တွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းထားရှိရန်နှင့် ခင်းကျင်းပြသရန် ဝတ္ထုပစ္စည်းနှင့် နေရာရွေးချယ်မှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ခြင်း။

၇။ ဝန်ကြီးဌာနသည် -

(က) တစ်ဦးဦးက တစ်နည်းနည်းဖြင့် လက်ဝယ်ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့်ရှေးဟောင်းဝတ္ထုပစ္စည်းကို လာရောက်အပ်နှံပါက နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အပ်နှံသူအား အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်ငွေကို ပေးအပ်ရမည်။

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းလျှင် ပျက်စီးနိုင်မည့် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်း၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင်ပါဝင်သူ တစ်ဦးဦးနှင့်ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်း။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ရှေးဟောင်းဝတ္ထုပစ္စည်းကို စစ်ဆေးခြင်း

၁၀။ ဦးစီးဌာနသည် -

(က) ဝတ္ထုပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းစစ်မှန်ခြင်း ရှိ မရှိစိစစ်ရန် လိုအပ်ပါက နည်းဥပဒေအရ ဖွဲ့စည်းသော ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေပြီး အဆုံးအဖြတ် ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှုထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိကြောင်း သတင်းပို့ခြင်း

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် ယူဆရန်အကြောင်းရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါဝတ္ထုပစ္စည်းကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍

၁၄ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့် နေ့ရက်မှ ၇ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိမရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၇)
## ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ ခွင့်ပြုချက် လျှောက်ထားခြင်း

၁၄။ (က) အောက်ပါတစ်ခုခုကို ဆောင်ရွက်လိုသောဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(၁) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊

(၂) နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ပြပွဲတွင် ခင်းကျင်းပြသရန်၊ သုတေသနပြုရန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းခြင်းပြုရန် အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၃) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတွင် တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၄) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေးအလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း။

(ခ) ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့် ဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၅။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်းငါးဆယ်မှ အများဆုံးကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၆။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပုံစံပျက်ယွင်းစေခြင်း၊ ဖျက်ဆီးခြင်း၊ ခွင့်ပြုချက်မရှိဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံးကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၇။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာ ရောင်းချရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းထားရှိခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ့်ငါးသိန်းမှ အများဆုံးကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် -

(က) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတစ်နေရာမှတစ်နေရာသို့သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေးအလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း။

၁၉။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ကျူးလွန်သည့်ပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၂၁။ ဝန်ကြီးဌာနသည်ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို တရားမဝင်တင်သွင်းမှု၊ တင်ပို့မှုနှင့် လွှဲပြောင်းမှုတားဆီးကာကွယ်ရေး ကွန်ဗင်းရှင်းနှင့်အညီ-

(က) မူလပိုင်ဆိုင်သူဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြတောင်းခံလာသော နိုင်ငံတစ်ခုခု၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အဆိုပါပစ္စည်းကို ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်သည်။

(ခ) မည်သည့်နိုင်ငံ၊ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကမျှ တင်ပြတောင်းခံခြင်းမရှိလျှင် ယင်းပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူပြီး သင့်လျော်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာ့မူရင်းဖြစ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြန်လည်တောင်းခံနိုင်သည်။

၂၂။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၃။ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုတွေ့ရှိပြီး သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၄။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ်ထိန်းသိမ်းခြင်းပြုနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဝယ်ယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၂၅။ ပုဒ်မ ၁၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆို တင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၂၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၉။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ။ )**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂ တွင် ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။"

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၇-က။ လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။"

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ-၁) နှင့် ပုဒ်မခွဲ (ဆ-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ဆ-၂) ဒေသဖွံ့ဖြိုးရေးကိုပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူစွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့်အဆင့်မြင့် ပညာရပ်များ သင်ကြားပေးရန် စီမံဆောင်ရွက်ခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅ ။ ) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅ ။ )

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုချက်အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် -

(က) အပိုဒ် ၁ **ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ** ၌ပါရှိသော အပိုဒ်ခွဲ (ဋ) ၏ နောက်တွင် အပိုဒ်ခွဲ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ) နှင့် (ဒ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊

(ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊

(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊

(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊

(ဒ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ရယူခြင်း။"

(ခ) အပိုဒ် ၂ **စီးပွားရေးကဏ္ဍ** ၌ပါရှိသော အပိုဒ်ခွဲ (ဂ) ၏နောက်တွင် အပိုဒ်ခွဲ (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။"

(ဂ) အပိုဒ် ၃ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ** ၌ပါရှိသော အပိုဒ်ခွဲ (ဆ) ၏နောက်တွင် အပိုဒ်ခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)နှင့် (ဌ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်း၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။"

(ဃ) အပိုဒ် ၄ **စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ** ၌ပါရှိသော အပိုဒ်ခွဲ (င) ၏ နောက်တွင် အပိုဒ်ခွဲ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)နှင့် (ဋ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သောသယံဇာတများကို အချိုးအစား သတ်မှတ်ပေးရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေး။"

(င) အပိုဒ် **၅ စက်မှုလက်မှုကဏ္ဍ** ၌ပါရှိသော အပိုဒ်ခွဲ (ခ) ၏ နောက်တွင် အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။"

(စ) အပိုဒ် ၆ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (ဂ) ၏ နောက်တွင် အပိုဒ်ခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဇ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက် ရမည် -

"(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့်လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့် သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများ။"

(ဆ) အပိုဒ် ၇ **လူမှုရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (ဆ) ၏ နောက်တွင် အပိုဒ်ခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ) နှင့် (ဍ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ စီမံရေးကိစ္စရပ်များ၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ် ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့်ဗီဒီယိုလုပ်ငန်းများ။"

(ဇ) အပိုဒ် ၈ **စီမံခန့်ခွဲရေးကဏ္ဍ** ၌ပါရှိသော အပိုဒ်ခွဲ (ဂ) ၏ နောက်တွင် အပိုဒ်ခွဲ (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုးစီမံခန့်ခွဲခွင့်ဆိုင်ရာကိစ္စရပ်များ၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ။"

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန် အခများ ဥပဒေပြုစာရင်းတွင်ပါရှိသော အပိုဒ် ၁၉၏နောက်တွင် အပိုဒ် ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈ နှင့် ၃၉ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၂၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊

၂၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊

၂၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊

၂၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာ အခွန်အခများ၊

၂၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊

၂၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊

၂၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊

၃၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊

၃၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊

၃၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့်သက်ဆိုင်သည့် အခွန်အခများ၊

၃၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၃၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

၃၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊

၃၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊

၃၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊

၃၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊

၃၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာအခွန်အခများ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၆ ။ )

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တို့တွင်ပါရှိသော "ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေး လုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇ ။ )**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**

၁၃၇၇ ခုနှစ်၊  လ  ရက်

( ၂၀၁၅ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၃ (ဂ) ခေါင်းစဉ်တွင်ပါရှိသော **"ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း"** ဆိုသည့်စကားရပ်ကို **"လမ်းဦးစီးဌာန"** ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။ )**

၁၃၇၇ ခုနှစ်၊  လ  ရက်

( ၂၀၁၅ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် ပါရှိသော **"ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း"** ဆိုသည့်စကားရပ်ကို **"လမ်းဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမြန်လမ်းမကြီးများ ဥပဒေတွင်ပါရှိသော **"ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း"** ဆိုသည့်စကားရပ်ကို **"လမ်းဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ရုပ်သိမ်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄) ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၂။ ယခုအခါ ကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးဖြစ်၍ အဆိုပါကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်ရက်မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

**မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"(a) **officer assigned duty by the Myanma Port Authority** means any officer assigned duty by the Myanma Port Authority to levy the light-dues, expenses, costs and fines, and to perform the other duty under this Act."

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) နှင့် ပုဒ်မ ၁၈ တို့၌ ပါရှိသော **''President of the Union''** ဆိုသည့် စကားရပ်ကို **''Ministry of Transport''** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (c)၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၁ နှင့်ပုဒ်မ ၂၂ တို့၌ ပါရှိသော **"President** သို့မဟုတ် **President of the Union"** ဆိုသည့် စကားရပ်ကို **"Myanma Port Authority"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၃၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၁၆ တို့၌ပါရှိသော **"President of the Union may"** ဆိုသည့် စကားရပ်ကို **"Ministry of Transportmay, with the approval of the Union Government"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၄ နှင့် ပုဒ်မ ၅ တို့ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"6. The Myanma Port Authority shall be responsible for supervision and management of the general lighthouses with the power to make the necessary arrangements, and if it thinks fit, by contract or otherwise, it may, with the approval of the Ministry of Transport discharge this responsibility."

၄။ မြန်မာနိုင်ငံ၊ မီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့၌ ပါရှိသော "Customan-Collector" ဆိုသည့်စကားရပ်ကို "officer assignet duty by the Myanma Port Authority" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer assigned duty by the Myanma Port Authority as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. And such person, shall further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, on the reasonable ground of willfully commission, under the order passed by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority."

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(4) The person who dissatisfies with the order of the Master Attendant or any officer assigned duty by the Myanma Port Authority, passed under sub-section (3), may appeal to the Ministry of Transport within 60 days from the day of such order."

၆။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority, and such determination shall be final."

၇။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall be liable to pay a fine from a minimum of three times to a maximum of five times the amount of the sum payable, on the reasonable ground of willfully commission, under the order passed by the Master Attendant or any officer assigned duty by the Myanma Port Authority with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority.

(2) The person who dissatisfies such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the day of such order."

၈။ (က) မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(1) The Master Attendant may, at any time, and any officer of Lighthouses Division may, if authorized in this behalf by a general or special order in writing of the Myanma Port Authority, enter upon and inspect any local lighthouse and make such inquiries in respect thereof or of the management thereof as he thinks fit.

(ခ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၂ ၏ခေါင်းစဉ်၊ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၂၂ တို့၌ ပါရှိသော "Govern-ment" ဆိုသည့် စကားရပ်ကို "Myanma Port Authority" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည် -

SCHEDULE

1. Lighthouse on islands or reefs: -

**(a) at the Tanintharyi Region**

(1) KyaukPhyuKyun Island.

(2) Meepyakyun (Dawei) Island.
(3) Malisoon Island.
(4) Kalwin.
(5) MyeikSeikKanThar.
(6) Palawpalin.

**(b) at the Mon State**

(1) KyaikKhaMi Island.
(2) KyunNyiNaung Island.

**(c) at the Rakhine State**

(1) May Yu Island.
(2) Sittwe
(3) Myaepone Island.
(4) Thantar Island.
(5) Phaung Net Gyi Island.
(6) Man Aung Island.
(7) Mhan Aung Chaung Wa.
(8) Kyauk Ne Maw.
(9) Sin Gaung Island.
(10) Ohan Ta Bin Island.
(11) Lone Thar.
(12.) NantharKyun Island.

**(d) at the Yangon Region**

(1) Thante
(2) Min GlarIsland.

**(e) at the Ayeyawaddy Region**

(1) Pathein Reef
(2) ThameeHla Island.
(3) ChaugGyi.
(4) PyitawThar.

2. Any other Lighthouse in the Republic of the Union of Myanmar declared by the Ministry of Transport to be a general lighthouse.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

**ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေ (မူကြမ်း)

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို **ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာတူးမြောင်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကုန်သွယ်ရေကြောင်း**ဆိုသည်မှာ စီးပွားရေးအလို့ငှာ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်နှင့်ခရီးသည် နှစ်မျိုးလုံးကိုဖြစ်စေ တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ရန် အသုံးပြုသော ရေကြောင်းခရီးကို ဆိုသည်။

(ခ) **တူးမြောင်း**ဆိုသည်မှာ ကုန်သွယ်ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ရေးအတွက် ပင်လယ်နှင့်သော်လည်းကောင်း၊ မြစ်နှင့်သော်လည်းကောင်း၊ ချောင်းနှင့်သော်လည်းကောင်း အသုံးပြုနိုင်ရန် ဆက်စပ်၍ တူးဖော်ဖောက်လုပ်ထားသော ကမ်းပါးနှစ်ဖက်ရှိသည့် ရေကြောင်းနယ်မြေကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌စိုက်ပျိုးရေးလုပ်ငန်းအတွက် ဖောက်လုပ်ထားသော တူးမြောင်းနှင့် ရေနုတ်မြောင်းများမပါဝင်။

(ဂ) **တူးမြောင်းနယ်**ဆိုသည်မှာ တူးမြောင်း၏ လက်ဝဲလက်ယာကုန်းပိုင်းတွင် တည်ဆဲသတ်မှတ်ထားပြီး နယ်နိမိတ်ကိုသော်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားသော နယ်နိမိတ်ကိုသော်လည်းကောင်း၊ ထိုသို့ သတ်မှတ်ထားခြင်းမရှိသည့် တူးမြောင်းတွင် တစ်နှစ်အတွင်း ဒီရေအမြင့်ဆုံးတက်ချိန်၌ ဒီရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန်အမြင့်ဆုံး ပုံမှန်ရေမြင့်မှတ် ရောက်ရှိသည့်ကမ်းပါးနယ်မြေမှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကုန်းမြေနယ်နိမိတ်ကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **ကမ်းပါးနယ်**ဆိုသည်မှာ ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကို ဆိုသည်။

(င) **ရေယာဉ်**ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့်ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(စ) **ရေယာဉ်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက ညှိနှိုင်းလွှဲအပ်ထားသော သက်ဆိုင်ရာ တာဝန်ရှိ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုက ရေယာဉ်ကို စစ်ဆေး၍ မှတ်ပုံတင်ပြီးထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **ရေလမ်းထိန်းအဆောက်အအုံ**ဆိုသည်မှာ တူးမြောင်းများ ပြုပြင်ထိန်းသိမ်းရန်တည်ဆောက်ထားသော ကမ်းထိန်းနံရံများ၊ ရေလွှဲရေကာများ၊ ရေမြွာပေါက်ပိတ်ရေကာများ၊ နုန်းဖမ်းရေကာများနှင့် လှိုင်းကာများကို ဆိုသည်။

(ဇ) **ဖြတ်သန်းခ**ဆိုသည်မှာ တူးမြောင်းများတူးဖော်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်ရာတွင် ကုန်ကျစရိတ်နှင့် ဝန်ဆောင်မှုစရိတ် အသီးသီးတို့အတွက် အထောက်အကူဖြစ်စေရန် တူးမြောင်းတစ်ခုခုအတွင်း ဖြတ်သန်းသွားလာသည့်ရေယာဉ်များကို ကောက်ခံရန်

ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အခကြေးငွေကို ဆိုသည်။

(ဈ) **အကောက်စခန်း**ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသောရေယာဉ်များကို ကြီးကြပ်ကွပ်ကဲရန်နှင့် တူးမြောင်းဖြတ်သန်းခကောက်ခံသည့်စခန်းကို ဆိုသည်။

(ည) **ပို့ဆောင်ရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဦးစီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဆိုသည်။

(ဌ) **တူးမြောင်းအရာရှိ**ဆိုသည်မှာ တူးမြောင်းများ၏ ရေကြောင်းသွားလာမှု၊ ဖြတ်သန်းခကောက်ခံမှုနှင့် တူးမြောင်းထိန်းသိမ်းမှုတို့ကို တာဝန်ခံ၍ ကွပ်ကဲကြီးကြပ်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

(ဍ) **ရေကြောင်းကြီးကြပ်ရေးမှူး**ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းခုတ်မောင်းသည့်ရေယာဉ်များ လုံခြုံချောမွေ့စေရေးအတွက် ရေကြောင်းစစ်ဆေးရန်နှင့် ရေယာဉ်များခုတ်မောင်းမှုကို ကြီးကြပ်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဎ) **အကောက်စခန်းမှူး**ဆိုသည်မှာ အကောက်စခန်းတစ်ခုကို ကြီးကြပ်တာဝန်ခံသူကို ဆိုသည်။

(ဏ) **ရေယာဉ်ဦးစီး**ဆိုသည်မှာ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ကို ဦးစီးဦးဆောင်ပြု၍ထိန်းသိမ်း မောင်းနှင်သည့်သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ရရှိသူ တစ်ဦးဦးကို ဆိုလိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံစိတ်ချပြီး ချောမွေ့အဆင်ပြေစေရန်၊

(ခ) ကုန်သွယ်ရေကြောင်းဆိုင်ရာ တူးမြောင်းများကို ပြည်သူများ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊

(ဂ) ကုန်သွယ်ရေကြောင်းတွင် တူးမြောင်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး ကွန်ရက်ကျယ်ပြန့်လာပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန်၊

(ဃ) တူးမြောင်းနယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေထုညစ်ညမ်းမှုမရှိစေရန်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်ရန်၊

(င) ကုန်သွယ်ရေကြောင်းဖြင့် ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန် သွက်လက်စေရေးအတွက် ပုဂ္ဂလိက တူးမြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)
## ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သည့် တူးဖော်ထားသော တူးမြောင်းများကို နယ်နိမိတ် အတိုင်းအတာဖြင့် ဖော်ပြ၍ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးသတ်မှတ်ခြင်း၊

(ခ) တူးမြောင်းများ ရေရှည်တည်တံ့ရေးအတွက် တူးမြောင်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် ဦးစီးဌာနသို့ ညွှန်ကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအဆင့်ညှိနှိုင်းရန်လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံအတွင်းရှိ မြစ်ကြီးများ အရှည်တည်တံ့၍ ရေလမ်းကြောင်းများ ဖွံ့ဖြိုးစေရေး မဟာဗျူဟာအရ ဖြစ်စေ၊ ဒေသဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူညီချက်အရ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ တူးမြောင်းသစ်များဖောက်လုပ်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တူးမြောင်းသစ်များ ဖောက်လုပ်ခြင်းနှင့် ကုန်သွယ်ရေကြောင်းသွားလာမှု ကြီးကြပ်ခြင်း၊

(ဃ) တူးမြောင်းအတွင်း ခုတ်မောင်းသွားလာမှုနှင့် တူးမြောင်းဝန်းကျင်ဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်ရေကြောင်းလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတကာနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီများရယူရန် လိုအပ်ပါက ယင်းအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာအသုံးပြုခြင်းအတွက် ဖြတ်သန်းခကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ဖြတ်သန်းခကို ပြင်ဆင်သတ်မှတ်ခြင်း၊ လိုအပ်ပါက ဖြတ်သန်းခကောက်ခံရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုကို ပွင့်လင်းမြင်သာသော တင်ဒါစနစ်ဖြင့်ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ဖြင့် စည်းကမ်းချက်များသတ်မှတ်ပြီး ကောက်ခံခွင့်ပြုခြင်း၊

(စ) တူးမြောင်းနယ်အတွင်း အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကသော်လည်းကောင်း၊ ပုဂ္ဂလိကတူးမြောင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကသော်လည်းကောင်း၊ အစိုးရနှင့်ပုဂ္ဂလိကပူးတွဲ၍ ဖက်စပ်ဆောင်ရွက်သောအဖွဲ့ကသော်လည်းကောင်း၊ ပုဂ္ဂလိကနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOT=Build-Operate-Transfer)၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOOT =Build-Own-Operate-Transfer)၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်စနစ် (BOO=Build-Own-Operate)၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်းစနစ် (BLT=Build-Lease-Transfer)၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် (DBFO=Design-Build-Finance-Operate)၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ်(DCMF=Design-Construct-Manage-Finance) စသည့်စနစ်တို့ဖြင့် စီးပွားရေးလုပ်ငန်းအလို့ငှာ တူးမြောင်းတူးဖော် ဖောက်လုပ်ခြင်း၊ တူးမြောင်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိစစ်ခွင့်ပြုခြင်း၊

(ဆ) ပုဒ်မခွဲ (စ) ပါ တူးမြောင်းကို တူးဖော်ဖောက်လုပ်ခြင်း၊ တူးမြောင်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးငှာ ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန်လိုအပ်ပါက တည်ဆဲမြေသိမ်းအက်ဥပဒေနှင့်အညီ သိမ်းယူပြီး လွှဲပြောင်းရယူရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်တိုင်းဒေသကြီးအစိုးရများနှင့်လည်းကောင်း၊ သိမ်းယူမည့်မြေကို ပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသော ဒေသခံပြည်သူများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တူးမြောင်းအတွင်း ကုန်သွယ်ရေကြောင်းသွားလာရာတွင် ရေထုညစ်ညမ်းမှုများ ကာကွယ်ထိန်းသိမ်းရေးအတွက် စနစ်တကျ လေ့လာဆန်းစစ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း။

## အခန်း (၄)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဤဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တူးမြောင်း မတိမ်ကော မပျက်စီးစေရေးနှင့် ရေလမ်းကြောင်းများကောင်းမွန်ပြီး အမြဲတစေ အသုံးပြုနိုင်ရေးအတွက်လိုအပ်သော ရေလမ်းထိန်း အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ချဲ့ထွင်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ရေလမ်းထိန်း အဆောက်အအုံကို ရေယာဉ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ပျက်စီးစေပါက ထိုသို့ပျက်စီးမှုအတွက် လျော်ကြေးတောင်းခံခြင်း၊

(ခ) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) တူးမြောင်းဖြတ်သန်းခများကို မှန်မှန်ကန်ကန် ကောက်ခံနိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနက စစ်ဆေးထုတ်ပေးထားသော ရေယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ရေယာဉ်ဆိုင်ရာ အခြားအထောက်အထား စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ဖြတ်သန်းရေယာဉ် အတိုင်းအတာနှင့်စပ်လျဉ်း၍ ရေယာဉ်မှတ်ပုံတင်လက်မှတ်ပါအချက်အလက်နှင့် ကွဲလွဲသည်ဟု သံသယရှိပါကထိုရေယာဉ်ကို ဆောလျင်စွာ တိုင်းတာ၍ တွက်ချက်ပြီးဖြတ်သန်းခ ကောက်ခံခြင်း၊

(င) ဖြတ်သန်းမည့် ရေယာဉ်သည် ကြံ့ခိုင်မှုနှင့် စက်စွမ်းအားလုံလောက်မှုမရှိကြောင်း သံသယရှိလျှင် ဖြစ်စေ၊ သတ်မှတ်ထားသည့် ကျွမ်းကျင်သူ ရေယာဉ်ဦးစီးမပါလျှင်ဖြစ်စေ ရေယာဉ်ကို တူးမြောင်းအတွင်း ဖြတ်သန်းခွင့်မပြုဘဲ တားမြစ်ခြင်း၊

(စ) တူးမြောင်းအတွင်း ဖြတ်သန်းခမပေးဆောင်ဘဲ ဖြတ်သန်းလျှင်ဖြစ်စေ၊ ဖြတ်သန်းခပေးပြီးကြောင်း ပြေစာကို စစ်ဆေးသည့်အခါပြေစာမပြနိုင်လျှင်ဖြစ်စေ နီးစပ်ရာအကောက်စခန်းက ဖြတ်သန်းခ ကောက်ခံခြင်း၊

(ဆ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ရေယာဉ်များနှင့်ပုဂ္ဂလိကပိုင်ရေယာဉ်များအတွက် တူးမြောင်းဖြတ်သန်းခကို လပေးဆောင်စနစ်ဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထားတောင်းဆိုပါက စိစစ်ခွင့်ပြုခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ တာဝန်ထမ်းဆောင်လျက်ရှိသော ရေယာဉ်များသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကင်းလွတ်ခွင့်မရရှိလျှင် မည်သည့်ရေယာဉ်မဆို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခြင်းအတွက် ဖြတ်သန်းခ ကောက်ခံခြင်း၊

(စျ) တူးမြောင်းအတွင်းရေကြောင်းအလိုက်သွားလာနိုင်သည့် ရေယာဉ်အရွယ်အစားနှင့်တွဲအရေအတွက် သတ်မှတ်ခြင်း၊ ရေစူးသတ်မှတ်ခြင်းနှင့် ခုတ်မောင်းမည့် ရေယာဉ်၏အမြန်နှုန်းသတ်မှတ်ခြင်း၊

(ည) တူးမြောင်းကိုဖြတ်သန်းသည့်ရေယာဉ်များနှင့် အချက်အလက်များကို စာရင်းပြုစုမှတ်တမ်းတင်ခြင်း၊

(ဋ) တူးမြောင်းအတွင်း ရေကြောင်းဆိုင်ရာ အချက်အလက်များရရှိရန် အချိန်အခါအလိုက် တိုင်းတာဆောင်ရွက်ခြင်း၊ ရေလမ်းကြောင်းများအဆင့်သတ်မှတ်ခြင်း၊ ရေကြောင်းဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ရေလမ်းဆိုင်ရာသတင်းနှင့် သတိပေးချက်တို့ကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဌ) တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းကိစ္စ ဆောင်ရွက်မှုတစ်ခုခုကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း -

(၁) မြေတူးခြင်း၊ ဖြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း၊ တုတ်ရိုက်ခြင်း (သို့မဟုတ်) လယ်ယာမြေ၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊

(၂) တူးမြောင်းမှ ရေသွယ်မြောင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တူးမြောင်းမှရေကိုတစ်နည်းနည်းဖြင့် သွယ်ယူအသုံးပြုခြင်း၊

(၃) ကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်း။

(ဍ) တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းကိစ္စဆောင်ရွက်မှုတစ်ခုခုကို စိစစ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း -

(၁) စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း၊

(၂) စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်ကန်တူးဖော်ခြင်း၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊

(၃) အဆောက်အအုံ ဆောက်လုပ်ခြင်း။

(ဎ) တူးမြောင်းနယ်အတွင်း စက်ရုံ၊ အလုပ်ရုံများမှ ဘေးထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ သဘာဝ ပတ်ဝန်းကျင်ထိခိုက် ပျက်စီးခြင်းမရှိစေရေးနှင့် ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ခြင်း၊ သတ်မှတ် စံနှုန်းများအတိုင်း ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့် ညီညွတ်မှုမရှိပါက လုပ်ငန်းလည်ပတ်ခြင်းကို ကန့်ကွက်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(ဏ) တူးမြောင်းနယ်အတွင်း ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ရေတိုက်စားကမ်းပြိုမှုများမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(တ) ဘေးအန္တရာယ်ဖြစ်စေသည့် ကုန်စည်များနှင့် မီးလောင်လွယ်စေသည့် ပစ္စည်းများကို အပြည်ပြည် ဆိုင်ရာမှ လက်ခံထားသည့် စနစ်အတိုင်း လိုက်နာ သယ်ဆောင်ခြင်းမရှိသည့် ရေယာဉ်များကို တူးမြောင်းအတွင်း ဖြတ်သန်းခွင့်မပြုခြင်း၊

(ထ) တူးမြောင်းအတွင်း ရေယာဉ်မတော်တဆမှုဖြစ်ပါက အလျင်အမြန် သွားရောက်စစ်ဆေး၍ အခြား ရေယာဉ်များအား အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဒ) တူးမြောင်းအတွင်း နစ်မြုပ်ရေယာဉ်ကို သတ်မှတ်ပေးသည့် အချိန်အတွင်း အမြန်ဆယ်ယူ ဖယ်ရှားရေးအတွက် သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်ထံ အကြောင်းကြားခြင်း၊ သတ်မှတ်ပေးသည့် အချိန်အတွင်း နစ်မြုပ်ရေယာဉ်ကို ဆယ်ယူဖယ်ရှားရန် ပျက်ကွက်ပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သလို ဆယ်ယူဖယ်ရှား၍ စီမံခန့်ခွဲခြင်း၊

(ဓ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် ပြုလုပ်မှုတစ်ခုခုကို တားမြစ်ခြင်း၊ တားမြစ်ချက် ဖောက်ဖျက်သူကို အရေးယူခြင်းနှင့် ထိုအနှောင့်အယှက် အဟန့်အတားများ စိစစ်ဖယ်ရှားခြင်း၊ ထိုသို့ ဖယ်ရှားရာ၌ ကုန်ကျစရိတ်များကို တောင်းခံခြင်း၊

(န) တူးမြောင်းအတွင်းရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေသည့် ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျောထားခြင်းကို တားမြစ်ခြင်း သို့မဟုတ် အမြန်ဖယ်ရှားခြင်း၊

(ပ) သတ်မှတ်ထားသော ကုန်စည်နှင့် ရေယာဉ်လုံးပေါင်း တန်ချိန်၊ အလျား၊ အနံနှင့်ရေစူးထက်ပိုသော ရေယာဉ်၊ နိုင်ငံခြားသင်္ဘောနှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများတင်ဆောင်ထားသော ရေယာဉ်များကို တူးမြောင်းအတွင်း ရေကြောင်းပြရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖြတ်သန်း မောင်းနှင်သွားလာရန် ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(ဖ) တူးမြောင်းရေလမ်းကြောင်းဖြတ်သန်းခများ ကောက်ခံရာတွင် ရေယာဉ်မှတ်ပုံတင်ပါ တန်ချိန်နှင့် တူးမြောင်း၏ ပုံသေနည်းအရတွက်ချက် တန်ချိန်ကွဲလွဲနေပါက များရာတန်ချိန်ဖြင့် ကောက်ခံခြင်း၊

(ဗ) ပို့ဆောင်ရေးဝန်ကြီးဌာနက ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဦးစီးဌာနသည် တူးမြောင်းအတွင်း ဖြတ်သန်းမောင်းနှင်သွားလာသော ရေယာဉ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ရေယာဉ်ဦးစီး၏ တာဝန်နှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်အတွက် ရေယာဉ်ဦးစီးအား အရေးယူခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## **အခန်း (၅)**
## **ရေယာဉ်ဦးစီး၏ တာဝန်များ**

၇။ ရေယာဉ်ဦးစီးသည် ပုဒ်မ ၆ အရ အရေးယူသည့်ကိစ္စတွင် ဦးစီးဌာနနှင့်သက်ဆိုင်ရာတရားရုံးတို့က ဆင့်ဆိုသည့်အခါ မပျက်မကွက်လာရောက်ဖြေရှင်းနိုင်ရန်အလို့ငှာ ရေယာဉ်မှတ်ပုံတင်လက်မှတ်မူရင်းနှင့်

ရေယာဉ်အုပ် ကျွမ်းကျင်မှုလက်မှတ်မူရင်းတို့ကို သက်ဆိုင်ရာတူးမြောင်းအရာရှိ သို့မဟုတ် ရေကြောင်းကြီးကြပ်ရေးမှူးက တောင်းဆိုသည့်အခါ ပေးအပ်ရမည်။

၈။ ရေယာဉ်ဦးစီးသည် -

(က) တူးမြောင်းအတွင်းသို့ ရေယာဉ်ဖြတ်သန်းသွားလာသည့်အခါ သက်ဆိုင်ရာ တူးမြောင်းအကောက်စခန်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းခကို ပေးဆောင်ရမည်။ ဖြတ်သန်းခပြေစာလက်ခံရရှိမှသာ ရေယာဉ်ကို တူးမြောင်းအတွင်း ဖြတ်သန်းခွင့်ရှိသည်။

(ခ) ဖြတ်သန်းခ ပေးဆောင်နေစဉ် ရေယာဉ်ကို ရပ်တန့်ထားရမည်။ ထုတ်ပေးသောဖြတ်သန်းခ ပြေစာလက်ခံရရှိမှသာ ရေယာဉ်ကို ဆက်လက်ထွက်ခွာခွင့်ရှိသည်။

(ဂ) တူးမြောင်းအတွင်း၌ ရေယာဉ်ရှိနေစဉ်ကာလအတွင်း ဖြတ်သန်းခပြေစာကို ကိုင်ဆောင်ထိန်းသိမ်းထားရမည်။ တူးမြောင်းကြီးကြပ်ရေးအရာရှိက စစ်ဆေးလျှင် ထိုဖြတ်သန်းခပြေစာကိုပြသရမည်။

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ တာဝန်ထမ်းဆောင်လျက်ရှိသော ရေယာဉ်၏ ရေယာဉ်ဦးစီးမှူးဖြစ်ပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကင်းလွတ်ခွင့်မရရှိလျှင် တူးမြောင်းအတွင်းဖြတ်သန်းသွားလာခြင်းအတွက် ဖြတ်သန်းခပေးဆောင်ရမည်။

(င) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(စ) တူးမြောင်းအတွင်း ခုတ်မောင်းနေစဉ် မမျှော်လင့်သော ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက နီးရာအကောက်စခန်းသို့ သင့်ရာနည်းဖြင့် ချက်ချင်းသတင်းပို့ရမည်။

(ဆ) အခြေအနေတစ်ရပ်ရပ်ကြောင့် အကောက်စခန်းတာဝန်ခံမှ ရေယာဉ်အား ကမ်းထိုးရပ်နားထားရန် သို့မဟုတ် တူးမြောင်းမှ ပြန်လည်ထွက်ခွာသွားရန် သို့မဟုတ် အခြားညွှန်ကြားချက်တစ်စုံတစ်ရာ ထုတ်ပြန်ညွှန်ကြားပါက လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## တားမြစ်ချက်များ

၉။ မည်သူမျှ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲတူးမြောင်းကို တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် တူးမြောင်းတိုးချဲ့ခြင်း မပြုရ။

၁၀။ မည်သူမျှ တူးမြောင်းနယ်အတွင်း -

(က) ရေလမ်းထိန်း အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း မပြုရ။

(ခ) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများအသုံးပြုခြင်း၊ စွန့်ပစ်ခြင်း မပြုရ။

(ဂ) မြေပေါ် မြေအောက်ရှိ ရေသယံဇာတများနှင့် တူးမြောင်းအတွင်းသို့ စီးဝင်ရာရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။

(ဃ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း၊ တုတ်ရိုက်ခြင်း သို့မဟုတ် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းမပြုရ။

(င) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းမှရေသွယ်မြောင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တူးမြောင်းမှရေကို တစ်နည်းနည်းဖြင့်သွယ်ယူ အသုံးပြုခြင်းမပြုလုပ်ရ။

(စ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်းမပြုရ။

(ဆ) ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်း မပြုစေရ။

(ဇ) ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်း သို့မဟုတ် စီးပွားရေး အလို့ငှာ ငါး၊ ပုစွန်ကန်တူးဖော်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရ။

(ဈ) ကမ်းပါးနယ်တွင် မြို့ပြကျေးလက်လူနေမှုပုံစံနှင့် မသင့်လျော်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေသော အိမ်သာများဆောက်လုပ်ခြင်း သို့မဟုတ် မိလ္လာအညစ်အကြေး စွန့်ပစ်ခြင်းမပြုရ။

(ည) တူးမြောင်းကမ်းပါးများ တည်ငြိမ်မှုကို အထောက်အကူပြုသော ကမ်းပါးနယ်ရှိ လမုတော၊ ဒီရေတောများကို ဖျက်ဆီး ရှင်းလင်းခြင်းမပြုရ။

၁၁။ မည်သူမျှ တူးမြောင်းအတွင်း -

(က) ရေယာဉ်များ ကျောက်ချရပ်နားခြင်းမပြုရန် တားမြစ်ထားသည့်နေရာတွင် ရေယာဉ်ကို ကျောက်ချ ရပ်နားခြင်း၊ ရပ်တန့်ခြင်း သို့မဟုတ် ဆိုက်ကပ်ခြင်း မပြုရ။

(ခ) ရေစုန်တွင် တစ်နာရီ ၁၂ မိုင်နှုန်းနှင့် ရေဆန်တွင် တစ်နာရီ ၈ မိုင်နှုန်းထက်ပို၍မောင်းနှင်သွားလာခြင်း မပြုရ။ ထို့ပြင် ကမ်းပြိုလျက်ရှိသည့် နေရာများနှင့် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သောနေရာ များတွင် သီးခြားသတ်မှတ်ထားသော မိုင်နှုန်းထက်ကျော်လွန်၍ မောင်းနှင်ခြင်းမပြုရ။

(ဂ) ရေလမ်း ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက်ဖြစ်စေ၊ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး အတွက်ဖြစ်စေ ရေလမ်းကြောင်းပိတ်ထားသည့်နေ့အချိန် သတိပေးအလံများနှင့် ညအချိန် သတိပေးအချက်ပြမီးများပြသထားသည့်အခါ ရေယာဉ်ကို ဖြတ်သန်းမောင်းနှင်သွားလာခြင်းမပြုရ။

(ဃ) တွဲဆွဲရေယာဉ်မှအပ မည်သည့်ရေယာဉ်မျှ ရင်ပေါင်တန်း၍ မောင်းနှင်ခြင်း သို့မဟုတ် ရပ်နား ထားခြင်းမပြုရ။

(င) တွဲဆွဲရေယာဉ်ကို သတ်မှတ်ထားသော ပြက် အကျယ်ထက်ပို၍ဖြစ်စေ၊ တွဲဆွဲရေယာဉ် အပါအဝင် တွဲ ၃ တွဲထက်ပို၍ဖြစ်စေ ခုတ်မောင်းခြင်း၊ ဆိုက်ကပ်ရပ်နားခြင်းမပြုရ။

(စ) အလင်းရောင်မရှိသော ညအချိန်နှင့် ရာသီဥတုဆိုးရွားပြီး အမြင်အာရုံမကောင်းသည့် အချိန် များတွင် တွဲဆွဲရေယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရ။

(ဆ) တွဲဆွဲရေယာဉ်ကို ရေစုန်တွင် တွဲဆွဲယူခြင်း မပြုရ။

(ဇ) သတ်မှတ်ထားသော ရေစူးထက်ပိုသော တွဲဆွဲရေယာဉ်ကို ဖြတ်သန်းမောင်းနှင်သွားလာခြင်းမပြုရ။

(ဈ) တွဲဆွဲ ရေယာဉ်များ အပါအဝင် မည်သည့်ရေယာဉ်ကိုမဆို တစ်နာရီလျှင် ၃ မိုင်နှုန်းထက်မနည်း မောင်းနှင်နိုင်သော စက်စွမ်းအားမရှိဘဲ ဖြတ်သန်းမောင်းနှင်သွားလာခြင်း မပြုရ။

(ည) မည်သည့် သစ်ဖောင် သို့မဟုတ် ဝါးဖောင်ကိုမျှ ဝင်ရောက်ခြင်း၊ မျောခြင်း သို့မဟုတ် ဖြတ်သန်းခြင်း မပြုရ။

(ဋ) ရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသော ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျောထားခြင်း မပြုရ။

(ဌ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် ရေယာဉ်အချက်ပြ မီးများ တပ်ဆင်ထားခြင်းမရှိသည့် မည်သည့်ရေယာဉ်မျှ ညအချိန်တူးမြောင်းအတွင်း ဖြတ်သန်း ခုတ်မောင်းခြင်း မပြုရ။

(ဍ) ရေကြောင်းသွားလာခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့်အသံဖြင့် အချက်ပေး ကိရိယာတပ်ဆင်ထားခြင်းမရှိသည့် မည်သည့်ရေယာဉ်မျှ တူးမြောင်းအတွင်းဖြတ်သန်းခြင်းမပြုရ။

(ဗ) ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုလိုအပ်သည့် သတ်မှတ်ထားသော တန်အလေးချိန်နှင့် အလျား၊ အနံနှင့် ရေစူးထက်ပိုသော ရေယာဉ် သို့မဟုတ် နိုင်ငံခြားသင်္ဘောနှင့် ဘေးအန္တရာယ်ဖြစ်စေသည့်ပစ္စည်းများ တင်ဆောင်ထားသော ရေယာဉ်အား ရေကြောင်းပြရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုမပါဘဲ ဖြတ်သန်းမောင်းနှင်သွားလာခြင်း မပြုရ။

၁၂။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း (၇)
## ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုဖောက်ဖျက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းကို တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် တူးမြောင်းတိုးချဲ့ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) မှ (ဈ) ထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည)၊ (ဋ) နှင့် ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၃ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ (က) မည်သူမဆို မိမိ၏ပြုလုပ်မှုကြောင့် တူးမြောင်းနှင့် တူးမြောင်းအတွင်း တည်ဆောက်ထားသော ရေလမ်းထိန်း အဆောက်အအုံတို့ကို ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီး ဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်။

(ခ) ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် တူးမြောင်းနှင့် တူးမြောင်းအတွင်းတည်ဆောက်ထားသော ရေလမ်းထိန်း အဆောက်အအုံတို့က ထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သက်ဆိုင်ရာဌာနမှ သတ်မှတ်ဈေးနှုန်းအတိုင်း တွက်ချက်သည့်တန်ဖိုးကို ကျူးလွန်သူထံမှ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆို တောင်းခံနိုင်သည်။

## အခန်း (၈)
## အထွေထွေ

၁၈။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းတစ်ခုခု ပြုလုပ်လိုပါက တူးမြောင်းနယ်မြေကို မထိခိုက်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရယူပြီးမှသာ ဆောင်ရွက်ရမည် -

(က) ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ တူးမြောင်းရေထုတ်နုတ်သုံးစွဲခြင်း၊ တူးမြောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ မြေအောက်နှင့် ရေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်းဆက်သွယ်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ခြင်း၊ ရေလမ်းကြောင်းများပြုပြင် ထိန်းသိမ်းခြင်း၊ ရေအရင်း အမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၉။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန အဖွဲ့အစည်းတို့သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) နှင့် (ဇ) ပါ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ တူးမြောင်းနှင့် ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

၂၀။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ဖြတ်သန်းခ၊ ကုန်ကျစရိတ်၊ လျော်ကြေးနှင့် အခြား အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။

၂၁။ တူးမြောင်းအတွင်း ဦးစီးဌာနက စီစဉ်ထားရှိသော ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်မှုဖြင့်သာ ဖြတ်သန်းသွားလာရမည့် ရေယာဉ်များသည် ဦးစီးဌာနသို့ ပေးဆောင်ရမည့် ရေကြောင်းပြသမှု ဝန်ဆောင်ခကို ပေးသွင်းရမည်။ ဝန်ဆောင်ခသတ်မှတ်ချက်သည် ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

၂၂။ ဤဥပဒေနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေဖြင့်သာ အရေးယူဆောင်ရွက်ရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် -

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## ကြေညာချက်အမှတ် (၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**ကြေညာချက်အမှတ် (၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

**ကြေညာချက်အမှတ် (၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

**ကယားပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်

ဖြေရှင်းနိုင်ရန်အတွက် ကယားပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) ကယားပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းခမ်းဝင်း | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (၂) | ဦးစိန်ဝင်း | ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးစိုးမြင့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးတင်မြင့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးကံကြီး | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဒေါ်လှစေးဖော | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းဘုန်းတင့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လ. ဝ. က) | အဖွဲ့ဝင် |
| (၈) | Dr.ထွန်းအောင်ကြည် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၉) | ဦးခင်မောင်ညွန့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၀) | ဒေါ်သစ်သစ်ရွှေ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ထားထားအောင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်ရုံး) | အဖွဲ့ဝင် |
| (၁၂) | ဦးဌေးဝင်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်စိုးစိုးထွန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်/ဆက်) | အဖွဲ့ဝင် |
| (၁၄) | ဦးကျော်သူ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စည်ပင်) | အဖွဲ့ဝင် |
| (၁၅) | ဦးရှားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစိုးထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဟျူးဘတ်ဘယ်ရီ | ကယန်းအမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးမောင်မောင်ဝင်း | ကယားလူမျိုးစုဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအောင်နိုင်ဦး | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၂၀) | ဒေါ်ဟယ်လင် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးတူရယ် | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးစံဝင်း | ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးဘစိုး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးအေးလှိုင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးလှဝင်းတင် | အတွင်းရေးမှူး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၆) | ဦးကျော်ဆန်းဝင်း | ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကလည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကလည်းကောင်း တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တင်ပြလာသောအငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(င) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၃။ ကယားပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၂) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) လွိုင်ကော်ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသန်းရွှေ | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးညွန့်တင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးတင့်လွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအောင်ကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးညွန့်ရီ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးသိန်းမင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးအက်ဖရက် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၉) | Dr.ရန်နိုင်မောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးစောနေခလီး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၁) | ဒေါ်လွင်လွင်သန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၂) | ဒေါ်နှင်းကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၃) | ဒေါ်စန်းဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မြင့်သန်းဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၅) | ဦးမျိုးမြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးစောဖားကြာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးနန်းရီ | ကယန်းအမျိုးသားပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစတီဗင်(ခ)ထွန်းထွန်း | ကယားလူမျိုးစုဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးထျိုးရယ် | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုးမိုးဝင်း | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးစိုင်းမျိုးအောင် | ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးကျော်ရွှေ | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးထွန်းအေးဟန် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးကိုလေး | ဩဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |
| (၂၅) | ဦးကျော်ကျော်ဦး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးလှထွန်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးချစ်မင်းထွဋ် | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၈) | ဦးညီညီမင်း | ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

**(ခ) ဘောလခဲခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဖေအောင် | ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးညွန့်တင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃) | ဦးမြင့်ဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးဆန်းလင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးရဲညွန့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးသာဇံလှ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစန်းဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၈) | ဦးကျော်စွာမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးစောဒီးဒီး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၁၀) | ဦးထောင်းတီလ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၁) | ဦးမန်းလျန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၂) | ဦးဌေးမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ခင်မျိုးမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဦးဂျက်စတင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၅) | ဦးကိုကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးပန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးမီရယ်မြင့် | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၈) | ဒေါ်ခင်လှဦး | ကယားလူမျိုးစုဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအီဘိတော် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးထွန်းမြင့်ဌေး | သြဇာတိက္ကမရှိသူ (ရပ်မိ/ရပ်ဖ) | အဖွဲ့ဝင် |
| (၂၁) | ဒေါ်သန်းနွဲ့ | သြဇာတိက္ကမရှိသူ (ရပ်မိ/ရပ်ဖ) | အဖွဲ့ဝင် |
| (၂၂) | ဦးစောတင့်ဆွေ | သြဇာတိက္ကမရှိသူ (စည်ပင်) | အဖွဲ့ဝင် |
| (၂၃) | ဦးစိုးမိုးကျော် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၂၄) | ဦးကျော်လင်း | ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၄။ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) မဲဆွယ်စည်းရုံးမှုကာလအတွင်း ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီမှသော်လည်းကောင်း၊ သက်ဆိုင်ရာဌာန (သို့မဟုတ်) ပုဂ္ဂိုလ်များကသော်လည်းကောင်း တင်ပြလာသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(င) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန်ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၅။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၇) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(ဃ) ဒီမော့ဆိုမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဦးရယ် | ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးညေးရယ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးကျော်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအန်ပရောဇို | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
